# Motorola Atrix HD smartphone




### အားသာချက်

သင့်တင့်တဲ့ဈေးနှုန်း ၉၉.၉၉ ဒေါ်လာကြောင့် သူက မျက်နှာသာ ရနေတာဖြစ်ပါတယ်။ အဲဒီဈေးနှုန်းနဲ့ရနိုင်ပြီး ကြီးမားတောက်ပတဲ့ မျက်နှာပြင်၊ မြန်ဆန်တဲ့ processor ၊ Android 4.0 ICS နဲ့ 4G LET connectivity တို့ကြောင့် အထင်ကြီးစရာ အားသာချက်တွေရှိနေတာဖြစ်ပါတယ်။

### အားနည်းချက်

Droid Razr လိုပါပဲ။ Atrix HD ရဲ့ battery သက်တမ်းကလည်း တိုတောင်းလွန်းပါတယ်၊ မကြာခဏ စိတ်အနှောက်အယှက်ဖြစ်စေတဲ့ bloatware တွေကြောင့်လည်း Android ရဲ့ အနှစ်သာရက ပျက်သလိုဖြစ်ရပါတယ်။ သူ့မှာပါဝင်တဲ့ camera က ဓာတ်ပုံနဲ့ video တွေကို ရိုက်ယူတဲ့အခါမှာ စိတ်ကျေနပ်လောက်စရာ လုပ်ဆောင်မပေးနိုင်ပါဘူး။

### သုံးသပ်ချက်

သူ့ရဲ့ဈေးနှုန်း ၉၉.၉၉ ဒေါ်လာဆိုတာက အလယ်အလတ်တန်းစား camera လုပ်ဆောင်မှု၊ တိုတောင်းတဲ့ battery သက်တမ်းတောတွေကို မေ့မှိန်သွားစေပြီး ဝယ်ရတာ တန်တယ်လို့ထင်စေမှာဖြစ်ပါတယ်။ ■

# Huawei Activa 4G



### အားသာချက်

Huawei Activa 4G မှာ LTE support ပါဝင်တယ် ဆိုတာနဲ့ သင့်တင့်ကောင်းမွန်တဲ့ camera တို့ပါဝင်တာကြောင့် စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ သူ့ရဲ့ camera မှာလည်း shutter ခလုတ်ပါဝင်ပါတယ်။ ဈေးနှုန်းကလည်း ဒေါ်လာ ၁၄၀ ဝန်းကျင်ပဲဖြစ်လို့ သင့်တင့်တဲ့ပမာဏဖြစ်ပါတယ်၊

### အားနည်းချက်

အားနည်းချက်တွေကိုပြောရမယ်ဆိုရင်တော့ design က ခပ်တုံးတုံး ပုံစံဖြစ်နေတာ၊ battery သက်တမ်း သိပ်ကြာကြာမခံတာနဲ့ Android 4.0 update လက်ရှိအချိန်အထိ လုပ်လို့မရနိုင်သေးတာတို့ပဲဖြစ်ပါတယ်၊

### သုံးသပ်ချက်

Huawei Activa 4G ကို ဝယ်လောက်စရာအချက်တွေအများကြီးရှိနေ ပါတယ်။ အဲဒီထဲက အဓိကအချက်ကတော့ LTE connectivity ပါပဲ၊ ■

# Canon Vixia HF G10




## အားသာချက်

Canon Vixia HF G10 မှာ အဆင့်မြင့် user တွေအတွက် အသုံးလည်းဝင်ပြီး ထူးခြားကောင်းမွန်မှုလည်းရှိတဲ့ လုပ်ဆောင်ချက်တွေပါဝင်သလို သူ့ရဲ့ video အရည်အသွေးကလည်း ကောင်းမွန်ပါတယ်။

## အားနည်းချက်

သူ့ရဲ့ မကြာခဏ adjust လုပ်ပေးတဲ့ လုပ်ဆောင်ချက်ကြောင့် သူကဆွဲဆောင်ချင်တဲ့အသုံးပြုသူတွေကို လက်လွှတ်သွားရလောက်ပါတယ်။ နောက်ပြီးတော့ သူ့ဈေးနှုန်း(၁,၀၉၉ ဒေါ်လာ) နဲ့ camcorder တစ်လုံးဟာ လက်ရှိ battery သက်တမ်းထက် ၂ ဆလောက် ပိုပြီးရှိသင့်ပါတယ်။

## သုံးသပ်ချက်

သူကပေးနိုင်တဲ့ လုပ်ဆောင်ချက်တွေ၊ ကောင်းမွန်တဲ့ video နဲ့ ဓာတ်ပုံရိုက်ကူးမှုတွေက သူ့လိုဈေးနှုန်းနဲ့ camcorder အတွက်ဆိုရင် ဈေးကြီးပါတယ်။ ■

# LG Optimus Vu



## အားသာချက်

LG Optimus Vu ဟာ NFC နည်းပညာသုံးထားတဲ့ smartphone ဖြစ်ပြီး အတော်လေးကောင်းမွန်တဲ့ screen ကိုလည်း တပ်ဆင်ထားတာဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ အရွယ်အစားနဲ့ဆိုရင် ပါးလွှာတဲ့ ကိုယ်ထည်လည်းရှိပြီး ပေါ့ပါတယ်။

## အားနည်းချက်

LG Optimus Vu ဟာ ဈေးကြီးပါတယ်။ ဒါပေမဲ့ aspect ratio ကတော့ သူ့ရဲ့ မျက်နှာပြင်နဲ့စာရင် သိပ်မကောင်းပါဘူး၊ ပြီးတော့ Android 2.3 Gingerbread ကိုပဲ run ထားတာဖြစ်လို့ update သိပ်မဖြစ်ဘူးလို့လည်း ဆိုနိုင်ပါတယ်။ နောက်တစ်ခုက stylus pen ကို သပ်သပ် ခွဲသယ်သွားရပါမယ်။

## သုံးသပ်ချက်

Screen အရွယ်အစားကလွဲလို့ ဘာတစ်ခုမှတော့ သိပ်ပြီး ပြောပလောက်အောင် ကောင်းနေတာမဟုတ်တော့ ဒေါ်လာ ၉၀၀ ဆိုတဲ့ဈေးနှုန်း ကနည်းနည်းများပါတယ်။ နောက်ပြီး Gingerbread OS တင်ထားတာမို့ ဒီလောက် တန်ဖိုးမများသင့်ပါဘူး။ ■